# BURMA UPDATE 173

## 11 SEPTEMBER 2007

# *PATTA-NEIKUZANA:*
# *THE EXCOMMUNICATIVE BOYCOTT*

Anyone could be boycotted towards excommunication if the following eight attributes described in *Vinaya* Scriptures IV, page 262, *Silavar* Text Commentary 5 are met:

1) Efforts are made to deny four essential things—i.e. monastery, robes, food, medicine—to monks
2) Efforts are made to endanger the lives of monks or reduce the numbers of them
3) Efforts are made to deny places of residence to monks
4) Ten kinds of abusive language are used against monks
5) Efforts are made to sow dissension among monks
6) Slander or scorn is made upon Buddha's infinite feat
7) Slander or scorn is made upon *Dhamma's* infinite faculty
8) Slander or scorn is made upon *Sangha's* infinite undertaking

"I consent to perform excommunicative boycott against any lay devotee who endeavors to fulfill any one of above eight attributes," Buddha said in *Sulavar* Holy Text.

Boycotting does not imply placing the alms bowl upside-down; it means not accepting four essential things donated by lay people who are being boycotted. The proscribing monks also advocate the boycotting act to other monks in the world. The purpose of all this is to make those lay Buddhists who offend noble and good monks realize their mistake and become well-mannered and civilized. If those lay people regret their misdeeds, really become good-mannered and respectful, and apologize three times, boycott would be called off.

# ပတ္တနိက္ကုဇ္ဇနကံ

ပတ္တနိက္ကုဇ္ဇနကံ ဆိုသည်မှာ ဝိနယပါဠိတော် (၄) စူဠဝဂ်ပါဠိတော် ၂၆၂၊ သီလက္ခန္ဓဝဂ္ဂပါဠိတော်အဋ္ဌကထာ ၅တွင် ဖော်ပြသည့် အင်္ဂါရပ် ၈ ချက်နှင့် ပြည့်စုံပါက မည်သည့်ပုဂ္ဂိုလ်ကို မဆို သပိတ်မှောက် ကံဆောင်နိုင်သည်။

(၁) ရဟန်းတော်တို့အား ပစ္စည်းလေးပါးမရစိမ့်သော ငှာလုံ့လပြုခြင်း၊

(၂) ရဟန်းတော်တို့အား ဘေးအန္တရာယ်ဖြစ်စေရန်၊ မတိုးပွားစေရန်လုံ့လပြုခြင်း၊

(၃) ရဟန်းတော်တို့အား ဤနေရာ၊ထိုနေရာတို့၌ မနေရစိမ့်သောငှာလုံ့လပြုခြင်း။

(၄) ရဟန်းတော်တို့ကို ဆဲရေးခြင်းဆယ်ပါးတို့ဖြင့် ဆဲရေးရေရွတ်ခြင်း။

(၅) ရဟန်းတစ်ပါးနှင့်တစ်ပါး စိတ်ဝမ်းကွဲပြားအောင်လုံ့လပြုခြင်း။

(၆) ဘုရားရှင်၏ကျေးဇူးမဲ့ကိုကဲ့ရဲ့ပြောဆိုခြင်း။

(၇) တရားတော်၏ကျေးဇူးမဲ့ကိုကဲ့ရဲ့ပြောဆိုခြင်း။

(၈) သံဃာတော်၏ကျေးဇူးမဲ့ကိုကဲ့ရဲ့ပြောဆိုခြင်း။

အထက်ဆိုခဲ့သောအချက်ရှစ်ချက်တွင် တစ်ချက်ချက်နှင့်ပြည့်စုံစွာ လုံ့လအားထုတ်ပြုလုပ်သူ ဥပါသကာ သို့မဟုတ် ဥပါသိကာအား ပတ္တနိက္ကုဇ္ဇနကံ သပိတ်မှောက်ကံပြုခြင်းငှာ ခွင့်ပြုတော်မူသည်ဟု စူဠဝါပါဠိတော်၌ ပါရှိသည်။

ထိုအခါကသပိတ်မှောက်သည်ဆိုရာ၌ သပိတ်ကိုအောက်သို့ မျက်နှာထားသောအားဖြင့် ပြုမူသည်မဟုတ်။ သပိတ်မှောက်ခြင်းခံရသော ဒါယကာယောကျ်ား ဒါယိကာမိန်းမတို့ လှူဒါန်းသော လှူဖွယ်ဝတ္ထုပစ္စည်းလေးပါးတို့ကို ရဟန်းတိုင်းကမသုံးဆောင်ကြခြင်းပေတည်း။ ဇမ္ဗူဒီပါရှိ အခြားသောရဟန်းတို့အားလည်း မသုံးစွဲမသုံးဆောင်ကြရန် တိုက်တွန်းနှိုးဆော်ကြသည်။ ထိုသို့ပြုရခြင်းကား အကျင့်သိက္ခာနှင့်ပြည့်စုံသော ရဟန်းကောင်းရဟန်းမြတ်ကို အပြစ်ပြောဆိုသည့်ဒါယကာ ဒါယိကာမတို့ နောင်အခါအသိတရားရ၍ လိမ်မာယဉ်ကျေးလာကြရန် အကျိုးကိုမျှော်ကိုး ဆောင်ရွက်ခြင်း ဖြစ်ပေသည်။ ထိုဒါယကာ ဒါယိကာမတို့သည် နောင်တတရားရကာ လိမ်မာယဉ်ကျေးလာပြီးလျှင် သုံးကြိမ်တိုင်တိုင် တောင်းပန်တိုးလျှိုးလာပါက သပိတ်လှန်ခြင်းကိုဆောင်ရွက်ကြရမည်။

**Burma Update by PDC**
**Just circulated as it was received. May need to double-check, confirm, and/or add more.**